# ၁၉၅၃ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ဤအက်ဥပဒေကို၊ ၁၉၅၃ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ နောက်တွင် "အဆိုပါအက်ဥပဒေ" ဟုရည်ညွှန်းသည့်၊ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) တွင်၊ "အဖွဲ့မှာ" ဆိုသည့်စကားရပ်နောက်၌ "အထူးသဖြင့်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ အဆိုပါအက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင်—

(က) အပိုဒ် (ဃ) ၌၊ "ဇယား ၁ တွင်သီးခြား ဖော်ပြထားသည့် ပြစ်မှုများကိုဖြစ်စေ၊" ဆိုသည့်စကားရပ်နောက်တွင် "တည်ဆဲ ဥပဒေများအရ အရေးယူပိုင်သည့် အခြားပြစ်မှုများကိုဖြစ်စေ၊" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင်

(ခ) အပိုဒ် (င) ၌၊ "ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုများနှင့်" ဆိုသည့်စကားရပ်အစား၊ "ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုများနှင့်သော်၎င်း၊ တည်ဆဲဥပဒေများအရ အရေးယူပိုင်သည့် အခြားပြစ်မှုများနှင့်သော်၎င်း၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ အဆိုပါအက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၁) ၌ "ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုကိုဖြစ်စေ၊" ဆိုသည့်စကားရပ်နောက်တွင် "တည်ဆဲ ဥပဒေများအရ အရေးယူပိုင်သည့်အခြားပြစ်မှုများကိုဖြစ်စေ၊" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၇ တွင် "ပြည်သူ့ပစ္စည်းနှင့် စပ်လျဉ်းသည့်ပြစ်မှုများကိုသော်၎င်း၊ ဇယား ၁ တွင်သီးခြားဖော်ပြထားသည့် ပြစ်မှုများကိုသော်၎င်း၊ ဤအက်ဥပဒေအရ ပြစ်မှုများကိုသော်၎င်း၊" ဆိုသည့်စကားရပ်အစား၊ "ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသောပြစ်မှုများကို" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၁ တွင်၊ ပုဒ်မခွဲ (၃) နောက်၌ အောက်ပါ ပြဋ္ဌာန်းချက်များကို ပုဒ်မခွဲ (၃-က) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(၃-က) ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမတ က၊ ခန့်ထားသည့် အထူးတရားသူကြီးသည်၊ ဇယား ၁ တွင် သီးခြားဖော်ပြထားသည့်

အတွဲ—၁၀ ပြား]

ဖြစ်မှုများနှင့် ဤအက်ဥပဒေအရ ဖြစ်မှုများသာမက၊ စက်ရှင်တရားသူကြီး၏ အာဏာကိုသုံးစွဲလျက် တည်ဆဲဥပဒေများအရ ပြစ်ဒဏ်ထိုက်သင့်သည့် အခြားပြစ်မှုများကိုလည်း စစ်ဆေးစီရင်နိုင်ရမည့်ပြင် ဆိုင်ရာဥပဒေများတွင်သတ်မှတ်ထားသော ပြစ်ဒဏ်များကိုလည်း စီရင်နိုင်ရမည်။''

ပါမ၊ဗ၊စ၊—ယေမှတ် ၃၆၊ တရားရေး၊ ၉-၁၂-၅၃—၂,၀၀၀—,။